EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR
132 SATHON NUEA ROAD, BANGKOK 10500, THAILAND
Tel:(662) 233 2237, 233 7250, 234 4698, 237 7744, Fax:(662) 236 6898

# မြန်မာနိုင်ငံကူးလက်မှတ်ကိုင်ဆောင်လျက် ပြည်ပနိုင်ငံများတွင် အလုပ်လုပ်ကိုင်သူများ/ ပညာတော်သင်/ အစည်းအဝေး/သင်တန်းတက်ရောက်သူများနှင့် အကြောင်း အမျိုးမျိုးဖြင့် ပြည်ပနိုင်ငံများသို့ခေတ္တအလည်အပတ်သွားရောက်သူများ အား သတိပေးတိုက်တွန်းနှိုးဆော်ခြင်း

၁။ မြန်မာနိုင်ငံသားများသည် အခါအားလျော်စွာ မြန်မာနိုင်ငံကူးလက်မှတ်ကိုင်ဆောင်လျက် ဥရောပ ၊ အာရှနိုင်ငံများနှင့် အခြားနိုင်ငံများသို့ သွားရောက် အလုပ်လုပ်ကိုင်ခြင်း၊ ပညာတော်သင်၊ အစည်း အဝေးတက်ရောက်ခြင်း၊ ခေတ္တအလည်အပတ်ခရီးသွားရောက်ခြင်းများ ရှိရာ မကြာခဏ ခါးပိုက်နှိုက်ခံရခြင်း၊ မြန်မာနိုင်ငံကူးလက်မှတ်များပျောက်ဆုံးခြင်းများ ကြုံတွေ့ရလျက်ရှိရာ၊ အထူးသဖြင့် ငွေသားကိုင်ဆောင်ထားတတ်သည့် အာရှခရီးသွားများအား အလစ်သမားများက အုပ်စုဖွဲ့လုယက်ခြင်း၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုကလေးငယ်များနှင့် ကလေး၏ မိခင်များခါးပိုက်နှိုက်ခံရလေ့ရှိပါသည်။ ယင်းဖြစ်စဥ်များသည် နေရာဒေသမရွေးဖြစ်ပွားလေ့ရှိသဖြင့် ခရီးသွားမြန်မာနိုင်ငံသားများအနေဖြင့် အထူးသတိချပ်သင့်ပါသည်။

၂။ ထိုင်းနိုင်ငံတွင်လည်း မြန်မာနိုင်ငံသား အလုပ်သမားမြောက်များစွာနေထိုင် အလုပ်လုပ်ကိုင်လျက်ရှိကြရာ နိုင်ငံကူးလက်မှတ်စာအုပ်များ မကြာခဏပျောက်ဆုံးခြင်း၊ ခါးပိုက် နှိုက်ခံရခြင်းများဖြစ်ပွားလျက်ရှိပါသည်။ အထူးသဖြင့် ထိုင်းနိုင်ငံသို့ ခေတ္တ အလည်အပတ် လာရောက်သူများနှင့် ဆေးဝါးကုသမှုခံယူရန်ရောက်ရှိလာသူများ နိုင်ငံကူးလက်မှတ်ပျောက် ဆုံးခြင်း၊ ခါးပိုက်နှိုက်ခံရခြင်းများဖြစ်ပွားလျက်ရှိသည်ကို တွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ ဗန်ကောက်မြို့ မြန်မာသံရုံးအနေဖြင့် ခရီးသွားမြန်မာနိုင်ငံသားများအား သတိပြုနိုင်ပါရန် အောက်ပါအချက်များကို တိုက်တွန်းနှိုးဆော်အပ်ပါသည်-

**(က) မိမိ သွားရောက်မည့်နိုင်ငံရှိ မြန်မာသံရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများ၏ လိပ်စာ၊ တယ်လီဖုန်းအမှတ်၊ တယ်လီဖက်စ်များမှတ်သားထားရန်၊ (သံရုံးများ၏ အင်တာနက်စာမျက်နှာများတွင်လည်းရှာဖွေတွေ့ရှိနိုင်ပါသည်)၊**
(အရေးအကြောင်းပေါ်ပေါက်ပါက ဆက်သွယ်အကူအညီတောင်းခံနိုင်ရန် )

**(ခ) မိမိ၏နိုင်ငံကူးလက်မှတ် စာအုပ် ဓါတ်ပုံပါသည့်စာမျက်နှာမိတ္တူကူး၍သိမ်းထားရန် (သို့မဟုတ်) ကင်မရာ၊ တယ်လီဖုန်းဖြင့်ဓါတ်ပုံရိုက်ယူ၍သိမ်းထားရန်၊**
(နိုင်ငံကူးလက်မှတ်(သို့မဟုတ်) ခရီးသွားစာရွက်စာတမ်းထုတ်ယူရာတွင်လွယ်ကူစေရန် )

**(ဂ) လိုင်စင်ဓါတ်ပုံ (၃)ပုံဆောင်ထားရန်၊**
( နိုင်ငံကူးလက်မှတ်ပျောက်ဆုံး၍ အသစ်ပြန်လျှောက်ပါက အသုံးပြုနိုင်ရန် )

**(င)** **ခါးပိုက်နိုက်ခံရ၍ နိုင်ငံကူးလက်မှတ်ပျောက်ဆုံးပါက အနီးဆုံးရဲစခန်းသို့တိုင်ကြားရန်** ၊ ( နိုင်ငံကူးလက်မှတ်ပြန်လျှောက်သည့်အခါတင်ပြနိုင်ရန် )

**(စ)** **ခရီးသွားအေဂျင်စီများအနေဖြင့်လည်း ခရီးသွားမည့်သူများအား နိုင်ငံအလိုက် မြန်မာသံရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများ၏ လိပ်စာနှင့် တယ်လီဖုန်းအမှတ်များ ပေးထားသင့်ပါသည်၊**

**(ဆ)** **ထိုင်းနိုင်ငံသို့ ခေတ္တလာရောက်လည်ပတ်မည့်သူများနှင့် ဆေးဝါးကုသမှုခံယူမည့်သူများ နိုင်ငံကူးလက်မှတ်စာအုပ် စာမျက်နှာ(၅)တွင် မိမိ၏မိုဘိုင်းဖုန်းအမှတ် ရေးဖြည့်ထားရန်၊**

(အကယ်၍နိုင်ငံကူးလက်မှတ်ပျောက်ဆုံးပါက ကောက်ရရှိသူက ဆက်သွယ်နိုင်ရန် )

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR 026 BANGKOK

မြန်မာသံရုံး
ဗန်ကောက်မြို့

ရက်စွဲ၊ ၂၀၁၅ခုနှစ်၊ ဩဂုတ်လ ၇ ရက်